# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 23, 2019 Volume 18, Number 13


| ၂၃.၄.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၂၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၅ ကျပ် |
| CBM Rate | = ၁၅၃၄.၂/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၈.၃၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၀၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

# အိန္ဒိယနိုင်ငံ၏ ၂၀၁၈-၂၀၁၉ ရာသီ၊ အစေ့အဆန်ထုတ်လုပ်မှုမှာ တန်ချိန် (၂၈၁.၃၇)သန်းရှိမည်ဟု ခန့်မှန်းထားပြီး၊ ပဲမျိုးစုံထုတ်လုပ်မှု ပမာဏ လျော့နည်းကျဆင်းနိုင်

၂၈.၂.၂၀၁၉ ရက်တွင် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၈-၂၀၁၉ သီးနှံရာသီအတွင်း ဆန်ထုတ်လုပ်မှု ပမာဏမှာ စံချိန်တင်မည် ဖြစ်သော်ငြားလည်း ပြောင်းဆံနှင့် ပဲသီးနှံအထွက်နှုန်း ကျဆင်းနိုင်သည့်အတွက် နိုင်ငံ၏ အစေ့အဆန် ထုတ်လုပ်မှု ပမာဏ စုစုပေါင်း အနေဖြင့်မှု ယခင်နှစ် အောက်(၁) ရာခိုင်နှုန်း လျော့နည်းနိုင်ပြီး၊ တန်ချိန် (၂၈၁.၃၇) သန်းသာရှိမည်ဟု ခန့်မှန်းထား ကြောင်း၊ ပြီးခဲ့သည် ၂၀၁၇-၂၀၁၈ သီးနှံရာသီတွင်မှု အစေ့အဆန် တန်ချိန်စုစုပေါင်း (၂၈၄.၈၃)သန်းအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် နိုင်ငံ၏ သီးနှံထုတ်လုပ်မှု ပမာဏများအား ပိုမို တိကျမှု ရှိစေရန်အတွက် ရာသီဥတု အခြေအနေနှင့် မြေပြင် အနေအထားများကို မူတည်ကာ ထုတ်လုပ်မှု ခန့်မှန်းပမာဏများကို အချိန်နှင့်တပြေးညီ ပြင်ဆင်ထုတ်ပြန်လေ့ရှိပြီး၊ (၁) နှစ်လျှင် (၄) ကြိမ်ခန့် ထုတ်ပြန်လေ့ရှိရာ ယခုအကြိမ်သည် ၂၀၁၈-၂၀၁၉ သီးနှံရာသီအတွက် ဒုတိယအကြိမ်မြောက် ခန့်မှန်းချက် ထုတ်ပြန်ထားခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ အချက်အလက်များအရ လက်ရှိရာသီ ဆန်ထုတ်လုပ်မှုပမာဏ တန်ချိန် (၁၁၅.၆၀) သန်းထိ စံချိန်တင်နိုင်ပြီး၊ ပြီးခဲ့သည်နှစ်တွင် တန်ချိန် (၁၁၂.၉၁) သန်းသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဂျုံထုတ်လုပ်မှု ပမာဏ အနေဖြင့် ယခင်နှစ်တွင် တန်ချိန် (၉၉.၇၀)သန်း ရှိခဲ့သော်လည်း ယခင်နှစ်တွင် (၉၉.၁၂) သန်းသာ ရှိနိုင်မည် ဟုခန့်မှန်းသည့်အတွက် ပမာဏအနည်းငယ် လျော့နည်း ကျဆင်းကြောင်း၊ ပြောင်းလဲပမာဏအနေဖြင့် ယခင်နှစ်တွင် တန်ချိန် (၄၆.၉၉) သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် (၄၂.၆၄) သန်းသို့ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ ပဲမျိုးစုံ ထုတ်လုပ်မှုပမာဏ အနေဖြင့်လည်း ပြီးခဲ့သည့်နှစ်တွင် တန်ချိန် (၂၅.၂၃) သန်းထိ စံချိန် တင်ခဲ့သော်လည်း ယခင်နှစ်တွင် တန်ချိန် (၂၄.၁၂) သန်းသာ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

စားနပ်ရိက္ခာ အစေ့အဆန်မဟုတ်သည့် သီးနှံများအနက် ဆီထွက်သီးနှံ ထုတ်လုပ်မှု ခန့်မှန်းပမာဏအနေဖြင့် ၂၀၁၈-၂၀၁၉ ရာသီ အတွက် တန်ချိန် (၃၁.၅၀) သန်းရှိမည်ဟု ခန့်မှန်းထားပြီး၊ ပြီးခဲ့သည့်နှစ်က တန်ချိန် (၃၀.၃) သန်း ရှိခဲ့ကြောင်း၊ သကြားထုတ်လုပ်မှု အနေဖြင့် ယခင်နှစ်က တန်ချိန်(၃၇၆.၉)သန်းရှိခဲ့ရာမှ ယခုနှစ်ရာသီတွင် တန်ချိန် (၃၈၀.၈၃) သန်းထိရှိလာမည်ဟု ခန့်မှန်းထားကြောင်း၊ ဝါဂွမ်းသီးနှံအနေဖြင့် ယခင်နှစ်တွင် ဘေထုတ် ပေါင်း (၃၄.၈၈) သန်းမှ ယခုနှစ်တွင် (၃၀.၀၉) သန်း ဝါဂွမ်းဘေတစ်ထုပ်လျှင် ၁၇၀ ကီလိုဂရမ်)သာ ရှိမည်ဟု လျော့ကျခန့်မှန်းထားကြောင်း၊ ဂုန်လျှော်ထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်တွင် ဘေထုပ်ပေါင်း (၁၀.၁၃) သန်း ဂုန်လျှော် ဘေတစ်ထုပ်လျှင် ၁၈၀ ကီလိုဂရမ်) ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် ဘေထုပ်ပေါင်း (၁၀.၀၇) သန်းသာ ရှိမည်ဟု


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

ခန့်မှန်းထားကြောင်း သိရှိရပါသည်။ အိန္ဒိယ၌ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း စားနပ်ရိက္ခာ အစေ့အဆန်နှင့် ဆီထွက်သီးနှံ၊ ဝါဂွမ်း၊ ကြံ၊ သစ်သီးနှင့် ဟင်းသီး ဟင်းရွက်များ အမြောက်အမြားထွက်ရှိခဲ့ခြင်းနှင့် ကြုံကြိုက်ခဲ့ရာ တောင်သူလယ်သမားအနေဖြင့် စိုက်သီးနှံများအတွက် ဈေးကောင်းမရသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

**Source: ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး (နယူးဒေလီ)**

## မြန်မာ့ဆန်များ ဖျက်ဆီးခံရမှု ဆန်အရည်အသွေးကြောင့်မဟုတ် ကုမ္ပဏီကြီးများအချင်းချင်း ဈေးကွက်ယှဉ်ပြိုင်မှုကြောင့်သာဖြစ်

အိုင်ဗရီကိုစ့်နိုင်ငံတွင် စားသုံးရန် မသင့်ဟုဆိုကာ မြန်မာ့ဆန်များဖျက်ဆီးခံရမှု ဆန်အရည်အသွေးကြောင့် မဟုတ်ဘဲ အာဖရိကဈေးကွက် ဆန်ကုမ္ပဏီကြီးများအချင်းချင်း ဈေးကွက်ယှဉ်ပြိုင်မှုကြောင့်သာဖြစ်သည်ဟု မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဧပြီ ၂၂ ရက်က ပြောဆိုသည်။

အိုင်ဗရီကိုစ့်နိုင်ငံတွင် စားသုံးရန် မသင့်ဟုဆိုကာ မြန်မာ့ဆန်များ ဖျက်ဆီးခြင်းခံရသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဧပြီ ၂၂ ရက်က ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်၌ပြုလုပ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စိစစ်လေ့လာတွေ့ရှိချက်များ၊ ဖြစ်စဉ်အကြောင်း တရားများအပေါ် သတင်းစာရှင်းလင်းပွဲ၌ ယင်းသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာကတည်းက မြန်မာ့ဆန်ကို ပြည်တွင်းစားသုံးဖို့အတွက်သာမက ပြည်ပတင်ပို့မှုအတွက်ပါ စိုက်ပျိုးထုတ်လုပ်တာကြောင့် အခုဖြစ်တဲ့ကိစ္စနဲ့ မြန်မာ့ဆန်အရည်အသွေးလုံးဝသက်ဆိုင်မှုမရှိဘူး။ အခုဖြစ်ခဲ့တဲ့ဖြစ်စဉ်မှာ ထူးခြားတဲ့ဖြစ်စဉ်ဖြစ်တယ်။ ထူးခြားချက်က သင်္ဘောကဟောင်းနွမ်းအိုနေတယ်။ သင်္ဘောရဲ့အနေအထားကလည်း ခိုင်မာကြံ့ခိုင်မှုကြောင့် ဘက်ပေါင်းစုံအဖြေရှာနေပါတယ်။ သမားရိုးကျဟုတ်ရဲ့လားဆိုတာ ဖော်ထုတ်သွားဖို့ရှိတယ်။ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းနဲ့ မှန်သလားဆိုတာ ရှာဖွေဖော်ထုတ်သွားမယ်။ အဓိက မြန်မာနိုင်ငံက ဆန်ကိုဝယ်တဲ့ နယ်ထစသမအနမတွေရဲ့တာဝန်ကတော့ သင်္ဘောပေါ်တင်ပြီး သွားတဲ့အချိန်မှာ သူတို့ရဲ့ အရောင်းအဝယ်စာချုပ်ကနေ တာဝန်ယူပြီးတော့ FoB စနစ်နဲ့ရောင်းမှာဖြစ်တဲ့အတွက် ကျန်တာကို ကုန်ဝယ်ယူတဲ့အဖွဲ့အစည်းဖြစ်တဲ့ အိုလန်က နေပြီးတော့ တာဝန်ယူ ဆောင်ရွက်သွားရမှာဖြစ်တယ်ဟု ၎င်းက ပြောဆိုသည်။

မြန်မာနိုင်ငံရှိ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်တင်ပို့သူများသည် နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဆန်များကိုသာတင်ပို့ဖြန့်ချိလျက်ရှိရာ ယင်းကိစ္စရပ်မှာ မြန်မာနိုင်ငံအနေဖြင့် တာဝန်မရှိဘဲ ဆန်စပါးဝယ်ယူသည့် ကုမ္ပဏီတွင်သာတာဝန်ရှိကြောင်း၊ အဆိုပါကိစ္စရပ်ကြောင့် မြန်မာ့ဆန်စပါး ဈေးကွက်တစ်ခုလုံး ထိခိုက်သည့်အတွက် မည်သူ့တွင်တာဝန်ရှိသလဲဆိုသည်ကို တွေ့ဆုံဆွေးနွေး အဖြေရှာသွားမည် ဖြစ်ကြောင်း၊ အာဖရိကဈေးကွက်သည် ယှဉ်ပြိုင်မှုအလွန်ပြင်းထန်ပြီး ပါကစ္စတန်၊ အိန္ဒိယတို့မှ ဆန်တင်သွင်းသည့် ကုမ္ပဏီများနှင့် မြန်မာ၊ ဗီယက်နမ်စသည့်နိုင်ငံများမှ တင်သွင်းသူများအကြား ပြင်းထန်စွာယှဉ်ပြိုင်လေ့ရှိကြောင်း ၎င်းက ပြောဆိုသည်။

အာဖရိကဈေးကွက်အများစုက ဗြိတိသျှကိုလိုနီနိုင်ငံတွေ အရင်ကပေါ့လေ။ ပြင်သစ်ကိုလိုနီနိုင်ငံတွေဖြစ်တော့ tradeting ကုမ္ပဏီအကြီးကြီးတွေ ခြောက်ခုလောက်က ဈေးကွက်ကိုခြယ်လှယ်တယ်။ အာဖရိက buyer သေးသေးလေးတွေ လုပ်လို့မရဘူး။ သူတို့ကိုယ်တိုင်လုပ်ဖို့လည်းခက်တယ်။ ဒီကုမ္ပဏီကြီးတွေပြိုင်ဆိုင်မှုက အရမ်းပြင်းထန်တယ်။ တချို့ကုမ္ပဏီကြီးတွေက ပါကစ္စတန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကဝယ်တာများတယ်။ အာဖရိကတို့၊ ပါကစ္စတန်တို့၊ အိန္ဒိယတို့က logistic နီးတယ်။ မြန်မာနိုင်ငံကြတော့ နည်းနည်းလေး လှမ်းသွားတယ်။ မြန်မာနိုင်ငံက ဈေးလည်းသက်သာတယ်။ ကုန်သွယ်မှုအရဝေးတဲ့ အနေအထားဖြစ်ပေမယ့် ဈေးသက်သာတဲ့အတွက် ပါကစ္စတန်တို့နဲ့သွင်းတဲ့ ကုန်အချင်းချင်းကြတော့ ဈေးကွက်ယှဉ်ပြိုင်မှုပြင်းထန်တယ်။ ဈေးကွက်သဘောတရားအရ ဒီယှဉ်ပြိုင်မှုက ဆက်ရှိနေမယ်။ ဒီယှဉ်ပြိုင်မှုကြောင့်ပဲ ဒီကိစ္စဖြစ်တယ်လို့ ယူဆတယ်ဟု ၎င်းကဆက်လက်ပြောဆိုသည်။

အဆိုပါကိစ္စရပ်ကြောင့် ပြည်ပသို့ဆန်တင်ပို့မှုထိခိုက်မှုမရှိဘဲ အာဖရိကနိုင်ငံအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံများသို့ ယခင်ထက် ဆန်တင်ပို့မှု ပိုမိုတင်ပို့နေရဆဲဖြစ်ကြောင်း၊ အသင်းချုပ်အနေဖြင့် မြန်မာ့ဆန် အရည်အသွေးစံချိန်စံညွှန်းကိစ္စကို နိုင်ငံတကာအဆင့်မီစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကြားခံကုန်သည်(trader)များကို ရောင်းချမှုကြောင့် ယခုလို ပြဿနာများပေါ်ပေါက်ရသဖြင့် end buyer များအထိ ရိုက်ဆက်ရောင်းချနိုင်သည့် အစီအစဉ်များနှင့် G to G ရောင်းချမှုအစီအစဉ်များ စီစဉ်ရန်လိုအပ်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှတင်ပို့သည့် ဆန်တန်ချိန် ၁၈၀၀၀ ကို လူများစားသုံးရန်မသင့်ဟုဆိုကာ အိုင်ဗရီကိုစ့်နိုင်ငံက ဖျက်ဆီးခဲ့ခြင်းနှင့်ပတ်သက်ပြီး ဧပြီ ၁၇ ရက်က BBC သတင်းဌာန

နှင့် African News Agency တို့က ဖော်ပြခဲ့သည်။

**Source:** https://www.facebook.com/kope.aung/posts/2331533507115861

## လွယ်ဂျယ်လမ်းကြောင်းမှ ကျွဲ၊ နွား တင်ပို့နိုင်ရေး မြန်မာ- တရုတ်ကုန်သည်များ တွေ့ဆုံမည်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ လွယ်ဂျယ်လမ်းကြောင်းမှ ကျွဲ၊ နွားတင်ပို့နိုင်ရေးအတွက် မြန်မာ-တရုတ် ကျွဲ၊ နွား ကုန်သည်များ ယခုလ ၂၇ ရက်နေ့၌ လွယ်ဂျယ်၌တွေ့ဆုံမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအသင်း ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။ ယခုလ ပထမပတ်အတွင်းက နှစ်နိုင်ငံ ကျွဲ၊ နွားကုန်သည်များသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံတာဝန်ရှိသူများထံ လွယ်ဂျယ်မှလမ်းကြောင်းမှ ကျွဲ၊ နွားများတင်ပို့နိုင်ရန်အတွက်လည်း တင်ပြထားကြောင်းသိရသည်။ ပြီးခဲ့သည့် မတ်လ ၂၅ ရက်နေ့က လွယ်ဂျယ်လမ်းကြောင်းမှ တရုတ်ပြည်သို့ ကျွဲ၊ နွား တင်ပို့နိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများ အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့သူများအသင်းမှ စုပေါင်းကာ သွားရောက်လေ့လာထားကြောင်းသိရ သည်။ မူဆယ်ကနေ ကျွဲ၊ နွားတင်ပို့တာအခါ လက်နက်ကိုင်အဖွဲ့အစည်းမျိုးစုံရဲ့ ပိုက်ဆံကောက်တာခံရတယ်။ ပြီးရင် အခြား အခက်အခဲမျိုးစုံ ရှိတယ်။ လွယ်ဂျယ်မှာကျ ဒီပြဿနာတွေ မရှိနိုင်ဟု ကျွဲနွားကုန်သည်တစ်ဦးကပြောသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=7970



## သရက်သီးပေါ်ချိန် အိမ်တွင်းစီးပွားဖြစ် သရက်ချဉ်လုပ်ငန်း အဆင်ပြေလျက်ရှိ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများတွင် သရက်သီးများလှိုင်လှိုင်ပေါ်နေ၍ သရက်ချဉ်ထည့်လုပ်ငန်းကို အိမ်တွင်း စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်နေကြောင်း သရက်ချဉ် လုပ်ငန်းလုပ်ကိုင်နေသူများထံမှသိရသည်။

သရက်ချဉ်ကို အလှူပွဲ၊ ကထိန်ပွဲနှင့်တော ရွာမင်္ဂလာဆောင်ပွဲ များတွင် သရက်ချဉ်သုပ်ကို ဟင်းအမည်တစ်ခုအနေဖြင့် စားသုံးကြ ကြောင်းနှင့် ရာသီစာအဖြစ်စားသုံးကြကြောင်းသိရသည်။

အခုနှစ် သရက်ပင်မှာ အသီးတင်တာများပြီး အထွက်ကောင်းပါတယ်။ မိုး၊ လေမကျသေးတာကြောင့် သရက်သီးတွေ အကြွေနည်းပြီး အလေအလွင့်နည်းခဲ့တယ်။ ဒီနှစ်မှာ သရက်ချဉ်လုပ်ဖို့အတွက် သရက်သီးစိမ်း အလုံး ၁၀၀ ကို ကျပ် ၂၀၀၀၊ ၂၅၀၀ နဲ့ပေးဝယ်ရပါတယ်။ ဟိုးအရင်ကတော့ သရက်သီးကို ဓားနဲ့ပေါက်ပြီး အချဉ်လုပ်ခဲ့ကြတာ၊ အခုတော့ သရက်သီး ကိုခြစ်ပြီး အချဉ်ထည့်တယ်။ သရက်သီးခြစ်ခအနေနဲ့ သရက်သီး (တစ်တင်း) ကို လုပ်အားခ ကျပ် ၂၀၀၀ ပေးရတယ်။ သရက်သီးခြစ်တဲ့ အလုပ်သမားတစ်ဦး တစ်နေ့ကို ငါးတင်းကနေ ရှစ်တင်းအထိ ခြစ်နိုင်ပါတယ်ဟု ပွင့်ဖြူမြို့နယ် ရှောက်တော ကျေးရွာနေ သရက်ချဉ် လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းတင်က ပြောဆိုသည်။

"သရက်ချဉ်လုပ်ဖို့ ခြစ်ထားတဲ့ သရက်သီးအသားတွေကို ရေဆေးပြီး ဆားရည်နှစ်ရက် စိမ်ရတယ်။ ဆားရည်ထဲက ဆယ်ယူပြီး ဆားရည်စစ်ကာ ပိဿာ ၅၀ ဆံ့ စဉ့်အိုးကြီးတွေနဲ့ထည့်သိပ်ထားရတယ်။ သရက်ချဉ်လုပ်ငန်းကို ဧပြီလကနေ ဇွန်လအတွင်း မိုးမကျမီလုပ်ကိုင်ကြပြီး ဝါတွင်းကာလဆို စဉ့်အိုးတွေ ထဲမှ ဖော်ယူရောင်းချပါတယ်"ဟု ၎င်းက ပြောဆိုသည်။

"ကျွန်တော်တို့ဒေသဝန်းကျင်မှာ ဥယျာဉ်ခြံမြေတွေများတဲ့အတွက် သရက်ပင်တွေလည်းပေါများပြီး အခုလိုအချိန်ဆို သရက်ချဉ် လုပ်ကိုင်တဲ့သူတွေလည်း များပါတယ်။ သရက်ချဉ် လုပ်ကိုင်သူတစ်ဦးကို တစ်နှစ်အတွက် ပိဿာ ၅၀ ဆံ့ စဉ့်အိုးကြီးအလုံး ၅၀ ကနေ ၁၀၀ အထိ အချဉ်ထည့်ပြီး ရောင်းချကြတယ်။ လက်ရှိသရက်ချဉ် တစ်ပိဿာ ကျပ် ၂၀၀၀ ဈေးရှိပြီး ဝါတွင်းကာလဆို အဝယ်လိုက်တဲ့အတွက် တစ်ပိဿာ ကျပ် ၃၀၀၀ အထ ိရောင်းချရပါတယ်ဟု ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာနေ သရက်ချဉ်လုပ်ငန်းလုပ်ကိုင်သူ ကိုအေးသောင်းက ပြောဆိုသည်။ ပွင့်ဖြူဒေသမှထွက်ရှိသော သရက်ချဉ်ကို မင်းဘူး၊ မကွေးမြို့များအပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များအထိ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/122406.html



## မလှိုင်တွင် မြန်မာ့လက်မှုပညာ ဖျာရက်လုပ်ငန်းလုပ်ကိုင်သူနည်းပါးလာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြင်းဦးလှည့် ကျေးရွာအုပ်စု ရေရင်ကျေးရွာရှိ မြန်မာ့လက်မှုပညာဖျာရက် လုပ်ငန်းလုပ်ကိုင်သူများမှာ ဝင်ငွေနည်းပါးခြင်း၊ အရောင်းအဝယ် မကောင်းခြင်းတို့ကြောင့် မြန်မာ့ လက်မှုပညာ ဖျာရက်လုပ်ငန်း ပျောက်ကွယ်မည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

ရေရင်ကျေးရွာနေ ဦးမြသန်းက "အရင်က ဖျာရက်လုပ်ငန်းကို ကျွန်တော်တို့တစ်ရွာလုံး နီးပါးလုပ်ကိုင်ခဲ့တာပါ။ ဖျာရက်ပညာ တတ်ဖို့ ခြောက်လ၊ တစ်နှစ်သင်ယူရပြီး အခု ဖျာရက်လုပ်တဲ့ သူတွေက တစ်ရက်မှာ ဖျာနှစ်ချပ်လောက်သာ ပြီးတဲ့အတွက် ဝင်ငွေ နည်းပါးလို့ အခြား မြို့တွေထွက်ပြီး အခြားသောလုပ်ငန်းတွေ လုပ်ကိုင်လာတာကြောင့် ဖျာရက်လုပ်ငန်း လုပ်ကိုင်သူနည်းပါးလာတယ်။ လူငယ်တွေလည်း အချိန်ပေးသင်ယူရတဲ့ ဖျာရက်လုပ်ငန်းထက် ဝင်ငွေ အလွယ်ရတဲ့ လုပ်ငန်းတွေကို စိတ်ဝင်စားလာကြတယ်ဟု ပြောဆိုသည်။

မြန်မာ့လက်မှုပညာအဖြစ် ဖျာရက်လုပ်ငန်းမှာ အချိန်ပေးသင်ယူရသော်လည်း မြန်မာ့ဖျာများမှာ ယခုလို နွေရာသီတွင်အနား ယူအပန်းဖြေရာ၌ များစွာ အအေးဓာတ်ပေးပြီး ကျန်းမာရေးနှင့်ညီညွတ်ရုံမျှမက တောင်သူတို့ သီးနှံများ လှန်းရာတွင်လည်း မိုးကာများ အသုံးပြုခြင်းထက် များစွာကောင်းမွန်ကြောင်း သိရသည်။ ငရုတ်လို သီးနှံတွေမှာ ပိုသိသာတယ်။ မိုးကာနဲ့လှန်းလို့ ငါးရက်နေမှခြောက်ရင် ဖျာနဲ့လှန်းပါက သုံးရက်နဲ့ခြောက်တယ်။ အသီးကျတော့လည်း ကွာတယ်လေ။ မိုးကာနဲ့လှန်းတဲ့အသီးထက် ဖျာနဲ့လှန်းတဲ့အသီးကပိုလှတယ်ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မိမိတို့ ရေရင်ကျေးရွာတွင် ယခင်က တစ်ရွာလုံးနီးပါး ဖျာရက်လုပ်ကိုင်ခဲ့သော်လည်း ယခုအချိန်တွင် အကြောင်း အမျိုးမျိုးကြောင့် လုပ်ကိုင်သူနည်းလာသဖြင့် ဖျာရက်လုပ်ငန်း များမပျောက်စေရန် နည်းပညာ အကူအညီများ လိုအပ်နေကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ကပြောဆိုသည်။ ဖျာရက်လုပ်ရန် ဝါးများကိုအခြားမြို့မှ မှာယူရပြီး နီးဖြာယူရာတွင် ဝါးတစ်ခြမ်းမှ နီးရှစ်ပြားခန့်ရရှိကာ ဖျာတစ်ချပ်လျှင် ဝါးခြမ်း ၅၀ အထက်အသုံးပြုရကြောင်း၊ ဖျာကြမ်းတစ်ချပ်လျှင် ငွေကျပ် ၂၅၀၀ နှင့် ဖျာချောတစ်ချပ်လျှင် ငွေကျပ် ၈၀၀၀ ဖြင့်ရောင်းချနေရကြောင်း ဖျာရက်လုပ်ငန်း လုပ်ကိုင်သူများထံမှသိရသည်။

မလှိုင်မြို့နယ် ရေရင်ကျေးရွာတွင် အိမ်ထောင်စု ၁၀၀ ဝန်းကျင်၊ လူဦးရေ ၄၀၀ လောက်ရှိပြီး တောင်သူ လုပ်ငန်းကို အဓိကထားလုပ်ကိုင်သော်လည်း မြန်မာ့နီးဖျာရက်လုပ်ငန်းနှင့် တံမြက်စည်းလုပ်ငန်းများမှာ ရွာ၏အဓိက စီးပွားရေး လုပ်ငန်းများတွင်ပါဝင်သည်။

**Source:** https://myanmar.mmtimes.com/news/122410.html

## မြန်မာ-တရုတ် ကုန်ဖလှယ်မှုစနစ်ဖြင့် ကုန်သွယ်မည့် MoU အရ ဆန်အပါအဝင် လယ်ယာထွက်ကုန်များ မူဆယ်မှတစ်ဆင့် တင်ပို့ရောင်းချပြီး ယင်းတန်ဖိုးနှင့်ညီမျှသော ယူနန်ပြည်နယ်ထုတ် ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ဓာတ်မြေဩဇာပြန်လည်ဝယ်ယူပေးရမည်

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်ဖလှယ်မှုစနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရန် ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU) အရ ဆန်အပါအဝင် လယ်ယာသီးနှံ ထွက်ကုန် များကို မူဆယ်မှတစ်ဆင့် တင်ပို့ရောင်းချပြီး ယင်းတန်ဖိုးနှင့် ညီမျှသော ယူနန်ပြည်နယ်ထုတ် ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ဓာတ်မြေဩဇာများ ပြန်လည် ဝယ်ယူပေးရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်း အောင်က ပြောကြားသည်။



မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ယူနန်ပြည်နယ် ကူမင်းပြည်သူ့ အစိုးရနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနတို့သည် ကုန်ဖလှယ်မှုစနစ် (Barter System) ဖြင့် ကုန်သွယ်မှုပြုလုပ်ရန် ဧပြီ ၂၁ ရက်က MoU လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ MoU ကို ညှိနှိုင်းအကောင် အထည်ဖော်နိုင်ပါက ဆန်စပါးအပါအဝင် မြန်မာ့ လယ်ယာသားငါး ထွက်ကုန်များကို မူဆယ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်မည်ဟုသိရသည်။ သို့သော် ကုန်ဖလှယ်မှုဖြစ်၍ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များတင်ပို့သည့် တန်ဖိုးနှင့် ညီမျှသော ယူနန်ပြည်နယ်ထုတ် ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဓာတ်မြေဩဇာ စသောပစ္စည်းများ ပြန်လည်ဝယ်ယူပေးရမည်ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

MoU လက်မှတ်ရေးထိုးသည့်အဖွဲ့များမှာ နှစ်နိုင်ငံမှ အစိုးရဌာနများဖြစ်ပြီး အကောင်အထည်ဖော်ရန် အတွက် တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီတစ်ခုကို တာဝန်ပေးပြီး မြန်မာနိုင်ငံဘက်မှ UMFCCI ၏ လယ်ယာ/ မွေး/ ရေဖွံ့ဖြိုးရေး ကော်မတီကို တာဝန်ပေးထားကြောင်း၊ UMFCCI ကော်မတီနှင့် အသင်းအဖွဲ့များ ဆက်လက် ညှိနှိုင်းပြီး မြန်မာဘက်မှ တင်ပို့မည့်ပစ္စည်းများ၊ တင်သွင်းလိုသည့်ပစ္စည်းများစာရင်းပြုစုရမည်ဖြစ်ကြောင်းနှင့် တရုတ်ဘက်မှလည်း တင်ပို့လိုသည့် ပစ္စည်းများ၊ တင်သွင်းလိုသည့်ပစ္စည်းများ စာရင်းပြုစုရမည် ဖြစ်ကြောင်းသိရသည်။

လာမည့်မေလတွင် နှစ်နိုင်ငံတာဝန်ရှိသူများ ပြန်လည်တွေ့ဆုံပြီး အရေအတွက်၊ ပမာဏနှင့် ဈေးနှုန်းစသည့် အရောင်းအဝယ်ကိစ္စများ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ဆန်စပါးကို ဦးစားပေး၍တင်ပို့နိုင်ရန် ညှိနှိုင်းထားသည်ဟု သိရသည်။ လက်ရှိရေးထိုးထားသည့် MoU အရ လစဉ်ကုန်ဖလှယ်မှုကို အခြေခံသော အရောင်းအဝယ် စာချုပ်ချုပ်ဆိုပြီး နှစ်ဖက်ညှိနှိုင်းကာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုကို မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်ဖြစ်သည်။

သို့ဖြစ်ရာ အကောင်အထည်ဖော်မည့် အစီအစဉ်အသေးစိတ်နှင့်ပတ်သက်ပြီး UMFCCI အသင်း အဖွဲ့များ၊ ကုန်စည်းဒိုင်များမှ ဆက်လက်ဆွေးနွေးပြီး ထုတ်ပြန်သွားမည်ဟု ဦးရဲမင်းအောင်က ပြောကြားသည်။ ပြီးခဲ့သည့်လပိုင်းအတွင်းက မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့တင်ပို့မည့် ဆန်တန်ချိန် ၅၀၀၀၀ ခန့်မှာ မူဆယ်နယ်စပ်၌ ပိတ်မိနေသည့်အတွက် အစိုးရအနေဖြင့် ယူနန်ပြည်နယ်အစိုးရ အပါအဝင် တရုတ် ဝယ်လက်များနှင့် အမြန်ဆုံး ညှိနှိုင်းပေးရန် ဆန်ကုန်သည်များက တောင်းဆိုခဲ့သည်။ တရုတ်နိုင်ငံဘက်တွင် ယင်းကဲ့သို့ ဆန်တင်သွင်းမှုနှင့်ပတ်သက်သည့် သတင်းများထွက်ပေါ်လာမှုနှင့် အတူ မူဆယ်နယ်စပ်၌လည်း ဆန်ဝယ်ယူမှုရပ်တန့်နေကာ ဆန်တန်ချိန် ၅၀၀၀၀ ခန့် ပိတ်မိနေခြင်းဖြစ်ကြောင်းလည်း ကုန်သည်များက ပြောကြားသည်။

Source: news-eleven.com/article/101717

## ပြည်တွင်းပြည်ပ၌ မြန်မာ့ပုလဲရောင်းချပွဲ သုံးကြိမ်ပြုလုပ်ခဲ့ရာ ကျပ် ၁၃ ဘီလျံကျော်ရရှိခဲ့ပြီး ခန့်မှန်းလျာထားချက်ထက် ကျပ်နှစ်ဘီလျံနီးပါး ပိုမိုရရှိ

ပြည်တွင်းပြည်ပ၌ မြန်မာ့ပုလဲရောင်းချပွဲကို သုံးကြိမ်ပြုလုပ်ခဲ့ရာ တန်ဖိုးကျပ် ၁၃ ဘီလျံကျော်ရရှိခဲ့ပြီး ခန့်မှန်း

လျာထားချက်ထက် တန်ဖိုး ကျပ်နှစ်ဘီလျံနီးပါးပိုမိုရရှိခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှသိရသည်။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ အတွင်း ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားခြင်းဖြစ်သည်။ မြန်မာ့ပုလဲရောင်းချပွဲကို ပြည်တွင်းတွင် တစ်ကြိမ်နှင့် ပြည်ပတွင် နှစ်ကြိမ် စုစုပေါင်း သုံးကြိမ် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ယင်းသို့ ပြပွဲများပြုလုပ်ခဲ့ရာတွင် ရရှိရန် မျှော်မှန်းထားသည့် ပမာဏ ကျပ် ၁၁ ဒသမ ၈၆ ဘီလျံ ဖြစ်သည်။ သို့သော် ရောင်းရငွေမှာ ၁၃ ဒသမ ၇၆ ဘီလျံ ရရှိခဲ့သည့်အတွက် ခန့်မှန်းလျာထားချက်ထက် ကျပ် ၁ ဒသမ ၉ ဘီလျံ ပိုမိုရရှိခဲ့ခြင်း ဖြစ်သည်။ နိုင်ငံပိုင်ပုလဲစခန်းနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်နေသည့် ပုလဲစခန်း ငါးခုကို ၂၀၁၈ ခုနှစ် အောက်တိုဘာမှစတင်ပြီး ပြည်တွင်းပြည်ပခရီးသွားများကို နေ့ချင်းပြန် လေ့လာကြည့်ရှုခွင့်ပြုခဲ့ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှသိရသည်။

၂၀၁၈ ခုနှစ် ဧပြီမှ ၂၀၁၉ ခု နှစ် မတ်အထိ သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲထုတ်လုပ်မှုတို့မှ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ကျပ် ၇၃၉ ဒသမ ၀၈၆ ဘီလျံကျော် လျာထားပြီး စုစုပေါင်းတန်ဖိုး ကျပ် ၁၀၂၇ ဒသမ ၇၇၄ ဘီလျံကျော် ရရှိခဲ့သည့်အတွက် တန်ဖိုးကျပ် ၂၈၈ ဒသမ ၆၈၇ ဘီလျံကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ တစ်နှစ်အတွင်း ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ကွက်များ ချထားပေးနိုင်ရေးအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းနှင့် လက်လုပ်လက်စား လုပ်ကွက် ဧရိယာ သတ်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လုပ်ကွက်များ အကွက်ရိုက် သတ်မှတ်၍ လုပ်ကိုင်ခွင့်ချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာကဏ္ဍနှင့် စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ် ဇွန်တွင် ယူရိုငွေ ၃၃၃ ဒသမ ၂၈ သန်းနှင့် နိုဝင်ဘာတွင် မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲမှ ကျပ် ၄၂ ဘီလျံ ကျော်ရရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/101252

## ပြည်တွင်းစက်သုံးဆီ ဈေးတက်ပြီး ပရီမီယံဆီ တစ်လီတာ ကျပ် ၁,၀၀၀ အထက်သို့ ပြန်ရောက်




သင်္ကြန်ကာလအလွန် ပြည်တွင်းစက်သုံးဆီဈေး မြင့်တက်ပြီး ပရီမီယံဆီသည် တစ်လီတာ ကျပ် ၁,၀၀၀ အထက်ပြန်လည်ရောက်ရှိသည်။ ပြည်တွင်း စက်သုံးဆီ ဈေးသည် ရန်ကုန်အထိုင်ဈေးကွက် အတွင်း ဆိုင်အများစု တွင် ဧပြီ ၂၂ ရက်က အောက်တိန်း- 92 တစ်လီတာ ကျပ် ၈၆၀၊ အောက်တိန်း- 95 တစ်လီတာ ၉၁၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၉၉၅ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာ ၁,၀၀၅ ကျပ်နှုန်းဖြင့်ရောင်းချခဲ့သည်။ အဆိုပါ ဈေးနှုန်း များသည် ဧပြီလဆန်းပိုင်းထက် တစ်လီတာ ၁၅ ကျပ် (တစ်ဂါလန် ၇၀ ကျပ်) မြင့်တက်ခြင်းဖြစ်သည်။ ပြည်တွင်း စက်သုံးဆီဈေးနှုန်းသည် ၂၀၁၈ နိုဝင်ဘာကစတင်၍ တစ်လီတာ ကျပ် ၁,၀၀၀ အောက်သို့ရောက်ရှိရာ လေးလကျော် အကြာတွင် ပရီမီယံဒီဇယ်ဆီသည် ကျပ် ၁,၀၀၀ အထက်သို့ ပြန်လည် ရောက်ရှိခဲ့သည်။ အဓိကကတော့ ကမ္ဘာ့ဈေးအပြောင်းအလဲကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်း ပြန်လှုပ် လာတဲ့သဘောပါပဲဟု စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ပြည်တွင်းစက်သုံးဆီ ဈေးသည် မတ်လဆန်းကစ၍ တစ်ကျော့ပြန်လည်မြင့်တက်ခြင်း ဖြစ်သည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် ဧပြီ ၂၂ ရက်က တစ်စည်လျှင် ၇၂ ဒေါ်လာရှိပြီး တစ်လအတွင်း တစ်စည် နှစ်ဒေါ်လာခန့် မြင့်တက်ခဲ့သည်။

**Source:** http://www.7daydaily.com/story/154265

## အိုင်ဗရီကို့စ်တွင် မြန်မာ့ဆန်ဖျက်ဆီးခံရမှု ဆန်စပါးအသင်းချုပ် ရှင်းလင်း မြန်မာ့ဆန်စားသုံးသူများကို အာမခံပါ ဆန်စပါးကုန်သည်အသင်းဥက္ကဋ္ဌ ပြောကြား




အိုင်ဗရီကို့စ်တွင် မြန်မာ့ဆန်များ ဖျက်ဆီးခံခဲ့ရခြင်း နှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ပထမဆုံး အကြိမ် သတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၂ ရက်တွင်ပြုလုပ်သည်။ သတင်းထွက်ပေါ်ပြီး ငါးရက်ကြာချိန်တွင် မြန်မာနိုင်ငံကုန် သည်၊ စက်မှုအသင်းချုပ်ရုံးတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဆန်တင်ချိန်တွင်မိုးရေစုနစ် မိနစ်ခန့်မိခဲ့ခြင်း၊ ဆန်တင်သည့် သင်္ဘောဟောင်းနွမ်းနေခြင်း၊ ဆန်ရောင်းချရန် ပင်လယ်အတွင်း ခုနစ်လကျော်ခန့် အချိန်ကြာမြင့်ခြင်းက မြန်မာ့ဆန်၏အရည်အ သွေးပျက်စီးပြီး စားသုံးရန်မသင့်သည့် အခြေအနေကို ရောက်ရှိ စေခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူများ က ပြောသည်။

မြန်မာနိုင်ငံမှ ရွှေဂါရောင်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ရောဟာသ်ာကုမ္ပဏီတို့ထံမှ ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီဖြစ်သည့် Olam International Co. Ltd. က ဆန်တန်ချိန် ၂၂,၀၀၀ ကို ၂၀၁၈ ခုနစ်တွင် ဝယ်ယူခဲ့သည်။ အဆိုပါဆန်များကို အာဖရိ ကနိုင်ငံများသို့ ရောင်းချရန်အ တွက် ၂၀၁၈ ဩဂုတ်တွင် MV Ocean Prince ပေါ်သို့ တစ်လခွဲ ကြာတင်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ မိုးရာသီဖြစ်ခြင်းကြောင့် သင်္ဘောတင်ချိန်တွင် မိုးမိခဲ့သည်ဟု တာဝန်ရှိသူတို့ကပြောသည်။ ထို့နောက် အဆိုပါသင်္ဘော သည် အိန္ဒိယတွင် ဆန်တန်ချိန် ၁၄,၀၀၀ ထပ်မံတင်ပြီးနောက် ဂီနီနိုင်ငံသို့ ဆန်ချရန်ထွက်ခွာခဲ့သည်။ ဂီနီနိုင်ငံတွင် မြန်မာဆန် တန်ချိန် ၄,၀၀၀ ခန့်သာချထားပြီး နောက် အလေးချိန်နှင့် အရည်အသွေး အကြောင်းပြချက်ဖြင့် ထပ်မံချခွင့်မရပေ။ ထို့နောက်၎င်းဆန်များကို အာဖရိကနိုင်ငံများတွင် ခြောက်လကျော်ကြာ လှည့်ပတ်ရောင်းချနေပြီး အိုင်ဗရီကို့စ်အရောက်တွင် ဆန်များ၏အရည်အသွေးပျက်စီးမှုကို ကြုံရခြင်းဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တာဝန်ရှိသူများကရှင်းပြသည်။

ထို့အပြင် မြန်မာ့ဆန်နှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည်ကို ရဲရဲပွံ့ပွံ့အာမခံကြောင်း မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "မြန်မာနိုင်ငံကလယ်သမားတွေက ဓာတ်မြေဩဇာပိုးသတ်ဆေး သိပ်မသုံးနိုင်ဘူးလေ။ ဒါကြောင့် ဓာတုဓာတ်ကြွင်း အတွက် ဘာမှစိုးရိမ်စရာမရှိဘူးဟုပြောသည်။ အာဖရိက အပါအဝင် ပြည်ပသို့တင်ပို့သည့် ဆန်များသည် ဆန်သား ၆၀၊ ဆန်ကွဲ ၂၅ ရာခိုင်နှုန်းနှင့် ဆန်ကျိုး ၁၅ ရာခိုင်နှုန်းပါဝင်သည့် ဆန်ကြမ်းအမျိုးအစားများဖြစ်ကြောင်း ဦးအောင်သန်းဦး ကရှင်းပြသည်။ ယင်းဆန်များသည်မြန်မာနိုင်ငံတွင် ဈေးအနည်းဆုံးဆန်များဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ပြည်တွင်းစားသုံးသည့် ဆန်များသည် ပေါ်ဆန်းကဲ့သို့ အရည်အသွေးမြင့်ဆန်များ၊ ဆန်ကြမ်း အမျိုးအစားတွင် ဆန်ကွဲ ၁၀ ရာ ခိုင်နှုန်းသာပါသည့် အရည်အ သွေးမြင့်ဆန်များဖြစ်သည်။

**Source:** The Voice Journal

## တရုတ်နိုင်ငံသို့ စိန်တစ်လုံးသရက်သီးစိမ်းများ မရောင်းရန် ကုန်သည်များကိုသတိပေး

တရုတ်နိုင်ငံသို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့်အချို့နေရာများတွင်ထွက်ရှိသည့် စိန်တစ်လုံးသရက်သီးမှည့်များကို တင်ပို့ လျက်ရှိပြီး မမှည့်သေးသည့် စိန်တစ်လုံးသရက်သီးများကို ရောင်းချခြင်းမပြုရန် ကုန်သည်များကို သတိပေး ထားကြောင်း မန္တလေးတိုင်းသရက်သီးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေကပြောကြားသည်။ တရုတ်ပြည်ဈေးကွက် ပိတ်ခြင်းမျိုး မဖြစ်စေရန်အတွက် မြန်မာနိုင်ငံမှတင်ပို့သည့် စိန်တစ်လုံးသရက်သီး၏ အရည်အသွေးကိုထိန်းရန် လိုအပ်သဖြင့် ယခုကဲ့သို့ သတိပေးရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

ပိတ်လိုက်တာမျိုး မဖြစ်နိုင်ဘူး။ မဖြစ်နိုင်အောင်တော့ အားလုံးကြိုးစားဖို့လိုတယ်။ တစ်ယောက်ထဲ လုပ်နေလို့ မရဘူး။ အရည်အသွေးမပြည့်လို့ မပို့နဲ့ဆိုရင် အားလုံးမပို့နဲ့ ။ စုစည်းညီညွတ်မှုရမှာ။ အဲဒီလို စုစည်းညီညွတ်လိုက်ရင် ဈေးကွက်ကို ထိန်းချုပ်နိုင်မယ်ဟု ၎င်းကဆက်လက်ပြောကြားသည်။ လာမည့် မေလဆန်းပိုင်းလောက်တွင် သရက်သီး လှိုင်လှိုင်ပေါ်မည်ဖြစ်ပြီး သရက်သီးဈေးကွက်အတွင်း ဈေးကောင်း ပုံမှန်ရရန် မျှော်လင့်ထားကြောင်း ဒေါ်သန်းသန်းဆွေ

ကဆိုသည်။ မြန်မာ့မျိုးရင်းစိန်တစ်လုံးသရက်သီးများကို ဥရောပသမဂ္ဂနိုင်ငံများ၊ စင်ကာပူ၊ တရုတ်နှင့် အခြားနိုင်ငံများကို တင်ပို့လျက်ရှိသည်။ စိန်တစ်လုံးသရက်သီးမှာ မြန်မာ့မျိုးရင်း သစ်သီးဂုဏ်ဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံတွင်းသို့ တရုတ်နိုင်ငံမှ ထွက်သည့် စိန်တစ်လုံးများ ဝင်ရောက်ခဲ့သဖြင့် ဈေးကွက်ဝေစု လျော့နည်းမှုများ ဖြစ်ပေါ်ခဲ့သည်။

**Source:** The Voice Journal

## သင်္ကြန်ကာလအလွန်ဖရဲ၊ သခွားအရောင်းအဝယ်ပိုသွက်



သင်္ကြန်ကာလကျော်လွန် ပြီးချိန်တွင် ဖရဲနှင့် သခွားမွှေး ဈေးကွက် အရောင်းအဝယ်ပိုသွက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ကပြောသည်။

စစ်ကိုင်းတိုင်းတွင် စိုက်ပျိုး ထုတ်လုပ်သည့် ဖရဲ၊ သခွားမွှေးများကို တရုတ်-မြန်မာ နယ်စပ်မူဆယ်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချရာ သခွားမွှေး တစ်ကီလိုလျှင် ခုနစ် ယွမ်ခန့် နှင့် ဖရဲသီး ၁၅ တန်ဆံ့ကားတစ်စီးလျှင် ယွမ် သုံးသောင်းကျော်အထိ ရောင်းအဝယ်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဖရဲ၊ သခွားဈေးကွက်က အစကောင်းလို့ အနှောင်းသေချာ တယ်ပြောလို့ရတယ်။ သစ်သီးစပေါ်ချိန်နဲ့သစ်သီးရာသီကုန်ဆုံးချိန်မှာ ဈေးကောင်းရခဲ့တယ်။ ပြီးခဲ့တဲ့နှစ်က သင်္ကြန်အပြီး ဝယ်သူမရှိလို့ ဖရဲ၊ သခွားမွှေးဈေးကွက် ပျက်ခဲ့တယ်။ သင်္ကြန်ကာလအပြီး အရောင်းအဝယ်ဖြစ်တဲ့ နှစ်တွေထဲမှာ ဒီနှစ် ဈေးကောင်းအရဆုံးလို့ပြောလို့ရတယ်ဟု ဦးစိုးလွင်ကပြောသည်။

စစ်ကိုင်းတိုင်းမှာ သခွားမွှေးအရောင်းအဝယ်ကသွက်ပါတယ်။ သစ်သီးကာလည်းအဝင်နည်းသွားပြီ။ ပြီးခဲ့တဲ့ ၂ နှစ်က သင်္ကြန်ကာလနောက်ပိုင်း အရောင်းအဝယ်မဖြစ်ခဲ့ဘူး။ ဒီနှစ်တော့ ဖရဲရောသခွားမွှေးပါ အရောင်းအဝယ်သွက်နေတယ်ဟု မူဆယ်မြို့ ခွာညိုသစ်သီးပွဲရုံမှ ကိုစိုင်းမင်းသူနိုင်ကပြောသည်။ မူဆယ်ဈေးကွက်တွင် ဖရဲသီး ၁၅ တန်ဆံ့သောကားများကို တစ်စီးလုံးဈေးနှုန်းစနစ်ဖြင့် ယွမ်၂၃,၀၀၀မှ ယွမ် ၄၀,၀၀၀ အထိ အရောင်းအဝယ်ဖြစ်ပြီး သခွားမွှေး တစ်ကီလိုလျှင် သုံးယွမ်မှ ခုနစ်ယွမ်အထိ ဧပြီ ၂၁ ရက်တွင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မူဆယ်မြို့ခွာညိုသစ်သီးပွဲရုံဈေးကွက်မှတ်တမ်းများအရသိရသည်။

**Source:** http://www.7daydaily.com/story/154245

## STOCK EXCHANGE (23.4.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 2,507 | 21,560,200 | 27,112,747 | 233,170 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 6,832 | 19,812,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 1,855 | 12,985,000 | 10,400,986 | 72,807 |
| FPB | 00004 | 20,500 | +500 | +2.50% | 20,000 | 20,500 | 20,000 | 66 | 1,321,000 | 2,472,053 | 50,677 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 838 | 2,262,600 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.08 | +0.90 | +0.25% | 367.18 | 368.08 | 367.18 | 12,098 | 57,941,600 | 5 | 502,524 |


### Index chart




# Market Overview

As of 1:00 pm, 23rd Apr. 2019

| MYANPIX | 368.08 ▲ 0.90 |
|---|---|
| Total Volume (shares) | 12,098 |
| Total Value (MMK) | 58 mil |
| Listed Company | 5 |
| Market Cap. (MMK) | 502,524 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 0 |